# စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ တည်ဆောက်လိုသည့် အထပ်အမြင့်အလိုက် သတ်မှတ်ထားသည့်လျှောက်လွှာတွင် ပါဝင်သော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက် ရပါမည်။

၂။ တည်ဆောက်မည့် အဆောက်အအုံအား အသုံးပြုမည့်လုပ်ငန်းနှင့်သတ်ဆိုင်သည့် ဌာနအဖွဲ့အစည်းတို့၏ ထောက်ခံချက်ပါရှိရပါမည်။ (ပြည်နယ်အဆင့် စက်မှုကြီးကြပ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အခြားလိုအပ်သည့်ဌာန)

၃။ လုပ်ငန်းဆောင်ရွက်ရာတွင် ထွက်ရှိမည့် မိလ္လာနှင့်ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့်အစီအစဉ် (Sewerage Management Plan) တင်ပြရပါမည်။

၄။ အဆောက်အအုံဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက်ထားရှိမှုစနစ် (Drainage System) တင်ပြရပါမည်။

၅။ လုပ်ငန်းဆောင်ရွက်ရာတွင် ထွက်ရှိမည့် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းစွန့်ပစ်မှုအစီအစဉ် (Solid Waste Management Plan) တင်ပြရပါမည်။

၆။ စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan–EMP) တင်ပြရပါမည်။

၇။ စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination–IEE) တင်ပြရပါမည်။ (လိုအပ်လျှင်)

၈။ စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment–EIA) တင်ပြရပါမည်။ (လိုအပ်လျှင်)